NOVEL AUTHOR TEAM

ဘာသာပြန် စာရေးဆရာ - Shwe Paji

# ပြိုင်ဘက်ကင်းတာအိုသခင်

(လုယွီ)

(Chapter 4186-4205)

စာစဉ် – ၂၁၃

ပြိုင်ဘက်ကင်းတာအိုသခင်

ဘာသာပြန်သူ-ShwePaJi

Book 213 Chapter 4186 to 4205

## Chapter - 4186

*

မြင့်မြတ်အရှင်ဟွမ်ထျန်းသည် သူ၏လက်ဖြင့် မြှားကိုကိုင်ကြည့်ပြီးနောက် ရုတ်တရက် သူ၏မျက်ခုံးများ မြင့်တက်သွားကာ အံ့အားတသင့်ပြောဆိုသည်။

"ဘယ်လောက်တောင်လေးလံတဲ့မြှားလဲ...ဒီအရာကို ဘယ်ပစ္စည်းနဲ့လုပ်ထားလဲဆိုတာ ငါ သိချင်မိတယ်"

တခြားလူများသည်လည်း ရှေ့သို့လျှောက်လှမ်းလာကာ အနီးကပ်ကြည့်လိုက်ကြသည်။ဤကဲ့သို့ မသေမျိုးအဆင့်ရတနာတစ်ခုကို မြင်တွေ့နိုင်ရန်အတွက် သူတို့ထံတွင် အခွင့်အရေးများစွာမရှိခြင်း။ ထိုကြောင့် ဤတစ်ကြိမ်၌ သူတို့သည် မြှားကိုအနီးကပ်ကြည့်လိုက်ကြ၏။

ချွေးနက်ကြီးသည် နံဘေး၌ဆောင့်ကြောင့်ထိုင်ကာ အံ့တင်းတင်းကြိတ်၍ပြောဆိုသည်။

"မင်းရဲ့ပစ္စည်းက ငါ့ရဲ့ပန်းချီကားကိုကြည့်တာကနေ ရှာတွေ့သွားတယ်ဆိုတာ အသိသာကြီးလေ...ဒါကြောင့် ငါနဲ့လည်း တစိတ်တဒေသသက်ဆိုင်တယ်"

ဝေ့မင်ထျန်းက အပြုံးနှင့်ပြောဆိုလိုက်၏။

"ခွေးနက်ကြီး...နင်က အရမ်းစိတ်ဝင်စားဖို့ကောင်းတာပဲ....နင့်ရဲ့ရတနာကိုရှာဖွေတဲ့စွမ်းရည်က မိုးကောင်းကင်အောက်မှာ ပြိုင်ဘက်ကင်းလို့ နင်ပြောခဲ့တယ်မဟုတ်လား...အခုကျမှ ဘာလို့ ဇောဒကတက်နေတာလဲ...နင်ရဲ့စကားကို ပြန်ရုတ်သိမ်းချင်နေတာလား"

"ဟမ့်...ငါက မိန်းကလေးတစ်ယောက်နဲ့ အငြင်းမပွားချင်ဘူး...စောင့်ကြည့်နေစမ်း...ငါက ရတနာတွေကို ပိုပြီးရှာနိုင်မှာ သေချာတယ်"

ခွေးနက်ကြီးသည် သူ၏ခေါင်းကို နံဘေးတစ်ဖက်သို့ လှည့်လိုက်၏။သူစိတ်ပျက်လက်ပျက်ဖြစ်သွားသည်မှာ သိသာထင်ရှားသည်။

မြင့်မြတ်အရှင်ဟွမ်ထျန်းက မြှားကို လုယွီထံသို့ ပြန်ပေးကာ မေးမြန်းသည်။

"တကယ်လို့ မင်းက အဲ့ဒီမြှားကိုအသုံးပြုမယ်ဆိုရင် လီရှူကို သတ်နိုင်လောက်လား"

လုယွီက သူ၏မျက်လုံးကိုစုံမှိတ်ကာ စဥ်းစားတွေးတောလိုက်သည်။ ထို့နောက် သူ၏ခေါင်းကိုခါယမ်းကာ ပြောဆိုသည်။

"မပြောနိုင်ဘူး....လီရှူက အရမ်းလျှို့ဝှက်ဆန်းကြယ်တဲ့ ကျင့်ကြံဆင့်နယ်ပယ်တခုကို ရောက်နေပြီ....သူ အသက်ရှင်နေတုန်းက အထွတ်အထိပ်အဆင့်မှာရှိတဲ့ ထိပ်သီးအစွမ်းထက်ကျင့်ကြံသူတစ်ယောက်ပဲ... တကယ်လို့ သူ့ဆီမှာ အသိဥာဏ်ကင်းမဲ့နေပြီးတော့ နားဝေတိမ်တောင်ဖြစ်နေတာ

ကြောင့်သာမဟုတ်ရင် ငါတို့တွေက ဒီနေရာကို အသက်ရှင်ရက်ရောက်လာမှာမဟုတ်ဘူး"

"တကယ်လို့ ဒီမြွားရဲ့စွမ်းအားကို ထုတ်ဖော်အသုံးပြုချင်တယ်ဆိုရင်တောင် မြွားပစ်တဲ့လူရဲ့အရည်အချင်းပေါ် မူတည်လိမ့်မယ်...လုံလောက်တဲ့စွမ်းအားမရှိဘူးဆိုရင် ဒီမြွားရဲ့စွမ်းအားပြည့်ကို ထုတ်ဖော်အသုံးပြုနိုင်မှာမဟုတ်ဘူး"

တခြားလူများသည်လည်း ထန်ဇေကရာဇ်လီရှုသည် သူ၏လမ်းကိုပိတ်ဆို့ထားသော နတ်ဆိုးသားရဲများအား သတ်ဖြတ်ခဲ့သည့်မြင်ကွင်းကို ပြန်လည်အမှတ်ရချိန်တွင် ကူကယ်ရာမဲ့စွာဖြင့် သူတို့၏ခေါင်းများကို ခါယမ်းလိုက်ကြသည်။

ဤကဲ့သို့ တည်ရှိမှုကြီးတစ်ခုကို သတ်ဖြတ်ရန်မှာ ကောင်းကင်ဘုံကိုတက်လှမ်းရန်ထက် ပို၍ခက်ခဲပေမည်။

"ဒါက အမှန်ပဲ....လီရှုက ရှေးဟောင်းထန်အင်ပါယာရဲ့ဧကရာဇ်တစ်ပါးဖြစ်ပြီးတော့ သူက နတ်ဆိုးသူတော်စင်တွေကိုတောင် တိုက်ခိုက်နိုင်ခဲ့တဲ့လူတစ်ယောက်ပဲ...ငါတို့က သူ့ကိုရှောင်တိမ်းနေဖို့ လိုအပ်တယ်...ငါတို့ သူနဲ့တိုက်ခိုက်လို့ မဖြစ်ဘူး"

မြင့်မြတ်အရှင်ဟွမ်ထျန်းက ပြောဆိုသည်။

လက်ရှိနေရာတွင်ရှိနေသော လူများအနက်မှအများစုသည် အင်မော်တယ်မော်ရတနာ၏ဆွဲဆောင်ခြင်းကို ခံလိုက်ရလေ၏။

ကျင့်ကြံသူတချို့သည် ရေအတွင်းသို့ဆင်းကာ စူးစမ်းရှာဖွေကြသော်လည်း သူတို့သည် အရိုးတချို့ကိုသာ ကောက်ယူနိုင်ခဲ့သည်။

"ဒီအရိုးတွေက နှစ်သောင်းနဲ့ချီပြီး ကြာမြင့်လာတာတောင် ဆွေးမြည့်မ

သွားဘူး...ဒါက ထိပ်သီးအစွမ်းထက် ကျင့်ကြံသူတစ်ယောက်လို့ ယူဆနိုင်တယ်...ကံဆိုးချင်တော့ အရိုးစုတစ်ခုက ဘာမှအသုံးမဝင်ဘူး"

လူများအားလုံး သူတို့၏ခေါင်းများကို ခါယမ်းလိုက်ကြသည်။

ခွေးနက်ကြီးသည်လည်း အော်ဟစ်ကာ ရေအတွင်းသို့ ခုန်ဆင်းလိုက်သည်။အချိန်အတော်ကြာကူးခတ်ပြီးနောက် သူသည် ရေအတွင်းမှထွက်လာကာ ဆဲဆိုလိုက်၏။

"သောက်ချေးပဲ...ငါက ငါးတစ်ကောင်ကိုတောင် ရှာမတွေ့ဘူး...ဒါက ငါ့အတွက် အရှက်ရစရာကိစ္စပဲ"

သူသည် သူ၏ခွေးမွေးများကို အားကုန်ခါယမ်းလိုက်ရာ ရေများသည် မိုးသီးမိုးပေါက်များအလား နေရာအနှံ့အပြားသို့ ဖြာကျသွားတော့သည်။

"ဒီဥယျာဉ်က အရမ်းကြီးမားပြီးတော့ တော်ဝင်ဥယျာဥ်တစ်ခုပဲ...ငါတို့တွေ နေရာတစ်နေရာကို အရင်ဆုံးရှာကြစို့...ငါတို့ တခြားတစ်ခုခုကို ရှာတွေ့နိုင်တယ်"

လုယွီက အကြံပြုသည်။

လုချန်းချင်ကလည်း ပြောဆိုသည်။

"ဒီရတနာက ကောင်းမွန်ပေမဲ့ ဒီနေရာက အရမ်းထူးဆန်းတယ်...တခြားအန္တရာယ်တွေ ရှိနေနိုင်တယ်....ငါတို့ လူခွဲမသွားသင့်ဘူး"

ကျင့်ကြံသူများအားလုံးသည် ထိုအကြံပြုချက်ကို သဘောတူညီလိုက်၏။

အကယ်၍ ယခင်ကဆိုလျှင် သူတို့ရရှိမည့်ရတနာများအပေါ် မည်သူတစ်ဦးတစ်ယောက်မျှ လက်လျှော့အရှုံးပေးမည်မဟုတ်ချေ။

သို့ရာတွင် အစောပိုင်းက သေရေးရှင်ရေးအခြေအနေကို ကြုံတွေ့ပြီးနောက် ကျင့်ကြံသူအများစုသည် အလွန်အမင်းထိတ်လန့်ကြောက်ရွံ့နေကာ

ယခုအချိန်တွင် ဤနေရာမှ တတ်နိုင်သမျှအမြန်ဆုံး ထွက်သွားလိုကြသည်။

သူတို့လူစုသည် ရှေ့သို့ဆက်လက်၍လျှောက်လှမ်းခဲ့ကြသော်လည်း ဤအချိန်အခိုက်အတန့်၌ သူတို့၏စိတ်ပိုင်းဆိုင်ရာအခြေအနေများ အလွန်အမင်းကွဲပြားခြားနားသွားလေပြီ။

ဤသည်မှာ ရှေးဟောင်းလူသားဧကရာဇ်တစ်ပါး၏တော်ဝင်ဥယျာဉ်ဟု သိရှိပြီးနောက် သူတို့အနက်မှတစ်ယောက်ချင်းစီ၏ မျက်နှာပေါ်တွင် စိတ်လှုပ်ရှားသောအမူအယာများ ထင်ဟပ်နေသည်။

အကယ်၍ သူတို့သည် ဤနေရာတွင် မသေမျိုးအဆင့်မှော်လက်နက်တစ်ခုကိုရရှိပါက ကောင်းကင်ဘုံကိုအံ့တုကာ သူတို့၏ကံကြမ္မာကို ပြောင်းလဲနိုင်သည်နှင့် ညီမျှသည်။ထိုအချိန်မှစ၍ သူတို့သည် ခြေတစ်လှမ်းတည်းဖြင့် ကောင်းကင်ဘုံနယ်မြေ၏အထွတ်အထိပ်နေရာသို့ တက်လှမ်းနိုင်ပေမည်။

လမ်းတစ်လျှောက်လုံး၌ လူတချို့သည် ရတနာများရှိမရှိကို စူးစမ်းစစ်ဆေးကြသည်။

ခွေးနက်ကြီး၏မျက်လုံးအတွင်းမှလည်း အစိမ်းရောင်အလင်းတန်းများ ဖြာထွက်နေသည်။သူသည် ပတ်ဝန်းကျင်ကိုစူးစမ်းရှာဖွေကာ ရတနာတစ်ခုခုကို ရှာဖွေတွေ့ရှိလိုခဲ့သည်။

သူတို့အားလုံး လမ်းလျှောက်လိုက်ရပ်နားလိုက် ပြုလုပ်ခဲ့ကြသည်။သူတို့အနက်မှတချို့သည် ရတနာတချို့ကို ရှာတွေ့ခဲ့သော်လည်း မသေမျိုးအဆင့်မှော်လက်နက်ကဲ့သို့ အဆင့်မြင့်ရတနာများမဟုတ်ချေ။

"ကြည့်ရတာတော့ အဝေးတစ်နေရာမှာ အလင်းရောင်တစ်ခု ရှိနေတဲ့ပုံပဲ"

နှစ်နာရီခန့်ကြာအောင် လမ်းလျှောက်ပြီးနောက် လူတိုင်းသည် ဥယျာဉ်၏အဆုံးသတ်နေရာကို မြင်တွေ့လိုက်ရသည်။

***

# Chapter - 4187

*

ဥယျာဉ်၏အဆုံးသတ်တွင် သစ်ပင်များစိမ်းလန်းနေကာ ရိုးရှင်းသော အဆောက်အအုံတချို့ထွက်ပေါ်လာသည်။

ဤအဆောက်အအုံများသည် ယခုခေတ်အချိန်ကာလအတွင်းမှ အဆောက်အအုံများနှင့် လုံးလုံးလျားလျား ကွဲပြားခြားနားသည်။ နန်းဆောင်တချို့သည် တောအုပ်တစ်ခုအတွင်း၌တည်ရှိကာ ထိုအရာများ အနက်မှတစ်ခုစီသည် ကြီးကျယ်ခမ်းနားပေ၏။မြင့်မားသောအမိုးများကို တိုင်လုံးများဖြင့်ထောက်ပံ့ထားခြင်းမရှိဘဲ ကြီးမားသောကျောက်တုံးအုတ်ချပ်များဖြင့် တည်ဆောက်ထားသည်။ထိုအရာများပေါ်တွင် နဂါးများနှင့်ကျားများ၏ပုံသဏ္ဍာန်များကို ရေးထွင်းထားပေ၏။

တချိန်တည်းမှာပင် လူအုပ်ကြီး၏အထက်၌ အေးစက်စက်လတစ်စင်း ထွက်ပေါ်လာသည်။

လရောင်သည် ပတ်ဝန်းကျင်နေရာတပိုက်ကို ဖြာကျနေသည်။ ဤသည်မှာ ယခင်ကဲ့သို့မှောင်မည်းနေခြင်း မရှိတော့သဖြင့် လူအုပ်ကြီးသည် ဖော်ပြရန်မစွမ်းသောအေးမြမှုကို ခံစားမိသည်။

"ဒီနေရာက မြေအောက်မှာမဟုတ်လား...ဘယ်လိုလုပ်ပြီးတော့ လတစ်စင်းရှိနေတာလဲ"

တစ်စုံတစ်ယောက်က အံ့အားတသင့် ရေရွတ်လိုက်သည်။

အကယ်၍ သူတို့၏တည်နေရာသည် အမှန်ဖြစ်ပါက သူတို့ရှိနေသော နေရာသည် ချန်အန်းမြို့တော်၏မြေအောက်၌ ဖြစ်နေသင့်သည်။

သူတို့သည် ဤနေရာသို့ရောက်ရှိလာချိန်၌ လုံးလုံးလျားလျား မှောင်မည်း နေသော်လည်း ဤအချိန်၌ လတစ်စင်းထွက်ပေါ်လာသဖြင့် သူတို့၏သာမန် အသိအမြင်များထက် ကျော်လွန်နေသည်။

လုယွီက ပြောဆိုသည်။

"ဒီနေရာက သီးခြားလေဟာနယ်တစ်ခုပဲဖြစ်မယ် ...ဒါက ပြင်ပလောကနဲ့ ဆက်နွယ်မှုရှိနေပေမယ့် ကိုယ်ပိုင်ကမ္ဘာငယ်လေးတစ်ခုဖြစ်နေတယ်"

ဤသည်မှာ ကမ္ဘာငယ်လေးတစ်ခုဖြစ်ပြီး မပြည့်စုံသော မိုးကောင်းကင် တာအိုကို ပိုင်ဆိုင်ထားသည်။

ထိုအရာသည် လုယွီ၏သိုလှောင်အိတ်အတွင်းရှိ ကမ္ဘာငယ်လေးနှင့် တူညီ ပေ၏။

ပြင်ပရှိ ချန်အန်းမြို့အမွေအနှစ်နယ်မြေနှင့်မတူညီသော ကောင်းကင်နှင့် မြေပြင်တည်ရှိနေသောကြောင့် ဤနေရာသည် အမှီအခိုကင်းမဲ့သော လေဟာနယ်နယ်မြေတစ်ခုပင်။ ထိုလေဟာနယ်နယ် မြေနှစ်ခုအကြား၌ ဆက်နွယ်မှုနှစ်ခုရှိနေသည်။

တစ်စုံတစ်ယောက်သည် ဤဆက်နွယ်မှုကို ရှင်းရှင်းလင်းလင်းတွေ့မြင် နိုင်ပါက ထိုလေဟာနယ်နယ်မြေနှစ်ခုကြားကို ဖြတ်သန်းသွားလာနိုင်ပေ မည်။

"လုယွီပြောတာ အမှန်ပဲ....ဒီနေရာမှာရှိတဲ့ ဥပဒေသတွေက ပြင်ပလောက နဲ့ ကွဲပြားခြားနားတယ်....ဒီနေရာမှာရှိတဲ့ စိတ်ဝိညာဉ်စွမ်းအားတွေက ပြင် ပနဲ့နည်းနည်းကွဲပြားတာကို မင်းတို့အားလုံး ခံစားမိတယ်မဟုတ်လား"

မြင့်မြတ်အရှင်ဟွမ်ထျန်းက ပြောဆိုသည်။

သူသည် နယ်မြေသခင်အဆင့်ကျင့်ကြံသူပင်။ ထိုကြောင့် ဥပဒေသများအပေါ် သူ၏နားလည်သဘောပေါက်မှုသည် တခြားကျင့်ကြံသူများထက်သာလွန်ပေ၏။

မြင့်မြတ်အရှင်ဟွမ်ထျန်း၏စကားကို ကြားချိန်တွင် လူအများစုသည် ပတ်ဝန်းကျင်ရှိစိတ်ဝိညာဥ်စွမ်းအားများကို အာရုံခံလိုက်သည်။ ထို့နောက် သူတို့၏မျက်လုံးများကို တပြိုင်နက်တည်းဖွင့်လိုက်ကြသည်။

"ဒီနေရာက စိတ်ဝိညာဥ်ချီစွမ်းအားတွေနဲ့ ပြည့်နေတယ်...ဒါပေမဲ့ လေထုထဲမှာ ယင်ချီအရိပ်အယောင်တွေလည်း ရောယှက်နေတယ်....တကယ်လို့ တစ်ယောက်ယောက်က သန့်စင်ယင်ခန္ဓာကိုယ်ကို ဒီနေရာမှာကျင့်ကြံမယ်ဆိုရင် တစ်ရက်တည်းနဲ့ အများကြီးခရီးရောက်နိုင်လိမ့်မယ်"

လုယွီသည် ဤအချက်ကို သတိပြုမိသည်မှာ အချိန်အတော်ကြာမြင့်နေလေပြီ။

ဤနေရာသည် ရှေးဟောင်းကာလအတွင်းမှ ထိပ်သီးအစွမ်းထက်တည်ရှိမှုကြီးများ ချိတ်ပိတ်ခဲ့သော လေဟာနယ်နယ်မြေတစိတ်တစ်ပိုင်းဖြစ်ကာ ယခုချိန်ထိ အကောင်းပကတိကျန်ရှိနေဆဲပင်။

ရှေးဟောင်းခေတ်ကာလ၏စွမ်းအားများသည် ယခုခေတ်ကာလထက်များစွာပို၍ပေါကြွယ်ဝသည်။ ယခုလက်ရှိခေတ်ကာလမှ လူများသည် ဤကဲ့သို့ထူထပ်သိပ်သည်းသော စိတ်ဝိညာဉ်စွမ်းအားများကို ရရှိရန်အတွက် အဖိုးတန်ရှားပါးသော ကျင့်ကြံခြင်းကုန်းမြေများတွင်သာ ရရှိနိုင်သည်။

"တကယ်လို့ ဒီနေရာရဲ့ထူးဆန်းမှုကြောင့်သာမဟုတ်ရင် ငါက ဒီနေရာမှာ

အချိန်ခဏလောက်ကြာကြာနေပြီး ငါ့ရဲ့ကျင့်ကြံဆင့်နယ်ပယ်ကို အရင်ဆုံး ချိုးဖျက်တယ်"

လူတစ်ယောက်က သက်ပြင်းတစ်ချက်ရှိုက်ကာ ပြောဆိုသည်။

ယခုလက်ရှိနေရာတွင်ရှိနေသူများအနက် အများစုသည် အဆင့်မြင့် ကျင့်ကြံခြင်းအရင်းအမြစ်များကို မရရှိကြချေ။

ဤကဲ့သို့ စိတ်ဝိညာဉ်ချီ ပေါကြွယ်ဝသောနေရာများသည် သူတို့အတွက် အလွန်ကြီးမားသောကျင့်ကြံခြင်း အရင်းအမြစ်ပင်။

မည်သို့ပင်ဆိုစေကာမူ ကောင်းကင်ဘုံနယ်မြေအတွင်း၌ ကျင့်ကြံသူ အများစုသည် ရုန်းကန်နေရကာ ကျင့်ကြံခြင်းမြင့်မြတ်နယ်မြေတစ်ခု အတွက် တိုက်ခိုက်၍နေကြရသည်။

ထိုအချိန်မှာပင် ခွေးနက်ကြီးသည် ထက်ရှသောမြားတစ်စင်းအလား ရှေ့ သို့ပြေးထွက်လိုက်၏။

ဤလှုပ်ရှားမှုကြောင့် လူတိုင်းထိတ်လန့်တကြား ဖြစ်သွားသည်။ သူတို့ အသိဝင်လာသောအချိန်တွင် ခွေးနက်ကြီးသည် အရိပ်အယောင်ပင် မကျန် ရှိဘဲ ပျောက်ကွယ်သွားလေပြီ။

"အဲ့ဒီခွေးစုတ်က ရတနာတစ်ခုကို ရှာတွေ့သွားတာပဲဖြစ်မယ်...ငါတို့ သူ့ နောက်ကို လိုက်ဖမ်းပြီးတော့ တစ်ချက်ကြည့်ကြရအောင်"

လုယွီက ချက်ချင်းပြောဆိုသည်။

လူများအားလုံး ချက်ချင်းဆိုသလိုပင် အသိဝင်လာကြ၏။

ဤခွေးနက်ကြီးကိုကြည့်ရသည်မှာ အနည်းငယ်မနှစ်မြို့ဖွယ်ကောင်း သော်လည်း ထက်ရှသောအနံ့ခံအာရုံရှိသည်။

"မြန်မြန်လေး....ငါတို့ တစ်ချက်လောက်သွားကြည့်ရအောင်...ရှေးဟောင်း

လူသားကေရာဇ် နေထိုင်ခဲ့တဲ့နေရာမှာ ထူးခြားတဲ့ရတနာတွေအများကြီးရှိနေမှာ သေချာပေါက်ပဲ"

"ငါတို့တွေ မြန်မြန်သွားကြည့်ကြစို့"

လူများအားလုံးသည် ရှေ့သို့ အလျင်အမြန် လိုက်သွားကြကာ သူတို့ရသင့်သည့် တစ်စုံတစ်ခုကို လွဲချော်သွားမည်အား စိုးရိမ်ထိတ်လန့်နေကြသည်။

ဥယျာဉ်ကိုဖြတ်သန်းပြီးနောက် သူတို့၏ရှေ့၌ ကြီးကျယ်ခမ်းနားသောနန်းတော်တခု ထွက်ပေါ်လာသည်။

လ၏အလင်းရောင်အောက်တွင် ခမ်းနားထည်ဝါသောနန်းတော်ကြီး၏ပုံသဏ္ဍာန် ပေါ်လွင်လာသည်။ ထိုနန်းတော်ကြီးကိုကြည့်ရသည်မှာ စကားလုံးဖြင့် ဖော်ပြရန်မစွမ်းသည့်အထိ အလွန်ကြီးကျယ်ခမ်းနားသည်။

***